# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 23, 2020 Volume 32, Number 17


## ကမ္ဘာ့ရွှေဈေးတက်သော်လည်း ပြည်တွင်းရွှေဈေးကွက် ဝယ်လိုအားကျဆင်း




ကမ္ဘာ့ရွှေပေါက်ဈေးများ မြင့်တက်လာသော်လည်း ပြည်တွင်းရွှေဈေးကွက်အတွင်း ဝယ်လိုအားကျခြင်းကြောင့် ဈေးနှုန်းများကမ္ဘာ့ပေါက်ဈေးထက်လျော့နည်းကာ ဈေးရပ်တန့်နေကြောင်း ရွှေလုပ်ငန်းလုပ်ကိုင်သူများကဆိုသည်။ "ကမ္ဘာ့ရွှေဈေးတက်လို့ ရွှေဈေးအနည်းငယ်တက်ပေမယ့် ဈေးကွက်ထဲမှာ အရောင်းအဝယ်နည်းတယ်။ ဒီမှာ ဝယ်အားမရှိတော့ ဈေးကတန့်နေတဲ့သဘောဖြစ်တယ်။ ကိုဗစ်ဖြစ်ပြီးနောက်ပိုင်းမှာ ရွှေဈေးကွက်က ၅၀ ရာခိုင်နှုန်းလောက်ကျသွားတယ်" မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်းကဆိုသည်။

ကမ္ဘာ့ရွှေပေါက်ဈေးသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၅၀ ထိ မြင့်တက်လျက်ရှိသော်လည်း ပြည်တွင်းရွှေဈေးနှုန်းများသည် ၁၂ သိန်း ၂ သောင်းဝန်းကျင်ဖြင့်သာ ပေါက်ဈေးရှိသည်။ ပြည်ပဈေးကွက်တွင် ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်လျက်ရှိသော်လည်း ကိုဗစ်ရောဂါသက်ရောက်မှုကြောင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအပြည့်အဝ လည်ပတ်နိုင်ခြင်းမရှိသဖြင့် လက်ရှိတွင်ပြည်တွင်း ရွှေဈေးကွက်တွင် အရောင်းအဝယ်နည်းပါးခြင်းဖြစ်ကြောင်း ရွှေလုပ်ငန်းလုပ်ကိုင်သူများကဆိုသည်။

ယင်းအပြင် အမေရိကန်ဒေါ်လာဈေးနှုန်းသည် မေလတွင် ၁၄၀၀ ကျော်အထိ ပေါက်ဈေးရှိခဲ့သော်လည်း ဇွန်အတွင်း ၁၃၈၉ ကျပ်ဝန်းကျင်အထိ ကျဆင်းလာသည့်အတွက် ဒေါ်လာဈေးကိုမှီခိုရသည့် ပြည်တွင်းရွှေဈေးကွက်တွင် အရောင်းအဝယ်နည်းပါးသည်။ "ကမ္ဘာ့ရွှေဈေးနဲ့တွက်ရင် ၁၃ သိန်းဝန်းကျင်လောက်ရှိပေမယ့် လက်ရှိမှာ ပြည်တွင်းရွှေဈေးကွက်မှာ အရောင်းအဝယ်မရှိလို့ ဈေးတွေကတန့်နေတယ်။ ဒါ့အပြင် ဒေါ်လာဈေးကျတော့ ရွှေဈေးကွက်က ပိုကျသွားတယ်။ အရောင်းအဝယ်ကိုမဖြစ်တဲ့သဘောပါ"ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်အတွင်းရေးမှူး ဦးအုန်းမြိုင်က ဆိုသည်။

### ၂၃.၆.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၅၄ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၉၀၀၀ |
| ဒေါ်လာဈေး | = ၁၃၉၄/- ကျပ် |
| CBM Rate | = ၁၃၉၃.၂ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၂.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၀.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၃၉.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၁.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၄.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၁၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၄၁၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၂၃ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၈၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၉၉၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ပြည်တွင်းရွှေဈေးကွက်သည် ကမ္ဘာ့ရွှေဈေးကွက်ကို တိုက်ရိုက်မှီခိုပြီး ဒေါ်လာပေါက်ဈေးနှုန်းအပေါ်မူတည်ပြီး ပြောင်းလဲမှုရှိခြင်း ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိမိုးရာသီကာလများသည် ရွှေထုတ်လုပ်မှုနည်းပါးသည့် ကာလဖြစ်သည့်အပြင် ဈေးကွက်အတွင်း ဝယ်ယူသူနည်းပါးပြီး ရောင်းချသူပိုများပြားခြင်းကြောင့် အခေါက်ရွှေသာမက လက်ခအထည်များလည်း အရောင်းအဝယ်နည်းပါးနေကြောင်း ရွှေလုပ်ငန်းလုပ်ကိုင်သူများကဆိုသည်။ မေ ၂၂ ရက်နေ့တွင် ကမ္ဘာ့ရွှေပေါက်ဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၄၁ ပေါက်ဈေးရှိချိန်တွင် ပြည်တွင်းအခေါက်ရွှေဈေး တစ်ကျပ်သားလျှင် ၁၂၁၅၀၀၀ ခန့်ပေါက်ဈေးရှိခဲ့ပြီး ၊ ဇွန် ၂၂ ရက်နေ့တွင် ကမ္ဘာ့ရွှေပေါက်ဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၅၀ ရှိချိန်တွင် ပြည်တွင်းအခေါက်ရွှေတစ်ကျပ်သားလျှင် ၁၂၁၈၀၀၀ ကျပ်ဖြင့် ပေါက်ဈေးရှိသည်။

**Source:** https://myanmar.mmtimes.com/news/140557.html

## ကိုဗစ်ကာလ ယာဉ်သက်တမ်းတိုးသည့် ကားစီးရေ ၁၅ ရက်အတွင်း ၁၅၀၀၀ ကျော်ရှိ ယခင်နှစ်ထက် ၂ ဆကျော်များ




ကိုဗစ်ကာလတွင် တစ်နိုင်ငံလုံးရှိ ကညန ယာဉ်သက်တမ်းတိုးလုပ်ငန်းများအား ဇွန် ၈ ရက်မှ ဇွန် ၂၂ ရက်အထိ လုပ်ဆောင် ပေးလျက်ရှိရာတွင် ယာဉ်သက်တမ်းတိုး လာရောက်လုပ်ပြုလုပ်သည့် ကားစီးရေမှာ ၁၅ ရက်အတွင်း ၁၅၀၀၀ ကျော်ရှိခဲ့ပြီး ယခင်နှစ်ထက် ၂ ဆကျော် များပြားလာခဲ့ကြောင်း နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးချုပ်မှ ဇွန်လ ၂၃ ရက်၌သိရသည်။ ထိုကဲ့သို့ မော်တော်ယာဉ်နှစ်လဲသက်တမ်းတိုးလုပ်ငန်းများအား ဇွန် ၈ ရက်မှစတင်လုပ်ဆောင်ပေးရာတွင် ၂၀၂၀ ခုနှစ် မတ်လနှင့် ဧပြီလအထိ မှတ်ပုံတင်သက်တမ်း ကုန်ဆုံးမည့်ယာဉ်များသည် ဇွန် ၈ ရက်မှ ဇူလိုင် ၃၁ ရက်နေ့အတွင်း၊ ၂၀၂၀ ခုနှစ် မေ မှတ်ပုံတင်သက်တမ်းကုန်ဆုံးမည့် ယာဉ်များသည် ဇွန် ၈ ရက်မှ သြဂုတ် ၃၁ ရက်နေ့အတွင်း၊ ဇွန်လ မှတ်ပုံတင် သက်တမ်းကုန်ဆုံးမည့်ယာဉ်များသည် ဇွန် ၈ ရက်မှ စက်တင်ဘာ ၃၀ ရက်နေ့အတွင်း လအလိုက် သက်တမ်းလွန်ဒဏ်ကြေးများ ဖြေလျှော့ပေးထားသည်။ "တစ်နိုင်ငံလုံးက ကနဦးယာဉ်မှတ်ပုံတင်သက်တမ်းတိုး လုပ်ငန်းစတင်လုပ်ဆောင်ပေးတဲ့ ဇွန် ၈ ရက်ကနေ မနေ့ကအထိ ကားစီးရေ ၁၅၀၀၀ နီးပါးကို လုပ်ငန်းလုပ်ဆောင်ပေးခဲ့ပါတယ်။ ကိုဗစ်ကာလမှာ သက်တမ်း တိုးလုပ်ဆောင်ပေးတဲ့ ကားအစီးက အရင်လုပ်ပေးတဲ့ ကားအစီးထက် ၂ ဆလောက်များနေပါတယ်။ အရင်နှစ်က တစ်လကို သက်တမ်းတိုး လုပ်ဆောင်ပေးတာက ကားအစီး ၇ သောင်းနဲ့ ၈ သောင်းလောက်ပဲ ရှိတာပါ။ ကညန ရုံးဝန်ဆောင်မှုလုပ်ငန်းတွေ ရပ်ဆိုင်းထားတဲ့ ကာလအတွင်းမှာ သက်တမ်းကုန်နေတဲ့ နှစ်လဲသက်တမ်းတိုးကားတွေနဲ့ ယာဉ်မောင်းလိုင်စင်တွေအတွက် ဒဏ်ကြေးတွေ ဖြေလျှော့ပေးထားပါတယ်"ဟု နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးမျိုးကျော်အောင်က ဇွန် ၂၃ ရက်တွင် မြန်မာတိုင်းမ်သို့ ပြောကြားသည်။

အဆိုပါ မော်တော်ယာဉ်နှစ်လဲ သက်တမ်းတိုးလုပ်ငန်းဆောင်ရွက်ပေးရာတွင် Online Booking စနစ်မှ နံနက် ၈ နာရီခွဲမှ နံနက် ၁၀ နာရီ ခွဲအထိ ၁ ကြိမ်၊ နံနက် ၁၀ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ၁ ကြိမ်၊ ညနေ ၃ နာရီမှ ညနေ ၄ နာရီ တစ်ကြိမ်ဖြင့် တစ်ရက်လျှင် ၄ ကြိမ်ပြုလုပ်ပေးလျက်ရှိသည်။ online Booking စနစ်အား www.rtad.com.mm ဝက်ဆိုက်တွင် အနည်းဆုံး ၁ ရက်မှ အများဆုံး ၃၀ ရက်အထိ ကြိုတင်ရက်ချိန်းရယူ လျှောက်ထားနိုင်ပြီး အစိုးရရုံးပိတ်ရက်ဖြစ်သည့် စနေနေ့တွင်လည်း လုပ်ငန်းဆောင်ရွက်ပေးမည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/140584.html

## ဒေါ်လာဈေး တစ်ဒေါ်လာ ၁၃၉၂ ကျပ်သို့ ဈေးကျ



ဗဟိုဘဏ်က အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ သန်းကို ဝယ်သော်လည်း ပြည်တွင်းငွေကြေးဈေးကွက်တွင် ဇွန်လ ၂၂ ရက်က တစ်ဒေါ်လာ ၁၃၉၂ ကျပ်သို့ ဈေးကျဆင်းလာသည်။ သွင်းကုန်အတွက် ပြည်ပသို့ ငွေလွှဲမှုများ လျော့နည်းခြင်း၊ ပြည်တွင်းလူသုံးကုန် ဝယ်လိုအားနည်းခြင်းနှင့် နိုင်ငံတကာ ဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးက အားပျော့နေခြင်းကလည်း ပြည်တွင်းဈေးကွက်တွင် ဒေါ်လာတန်ဖိုးလျော့ကျစေသည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။

မြန်မာနိုင်ငံတွင် ဒေါ်လာတန်ဖိုးကျဆင်းခြင်းက ပို့ကုန်လုပ်ငန်းရှင်များအတွက် အကျိုးအမြတ်လျော့နည်းစေသော်လည်း သွင်းကုန်လုပ်ငန်းရှင်များကို အခွင့်အလမ်းများ ရေတိုကာလတွင်ရရှိစေသည်။ ပြည်တွင်းဈေးကွက်တွင် ဒေါ်လာတန်ဖိုးကျဆင်းမှုကိုထိန်းရန် ဗဟိုဘဏ်က ဇွန်လအတွင်း ဒေါ်လာ ၁၅ သန်းကျော် ဝယ်ယူခဲ့သည်။

ဗဟိုဘဏ်က ဈေးကွက်အတွင်းမှဒေါ်လာဝယ်ခြင်းသည် ငွေကြေးဈေးကွက်တည်ငြိမ်မှုရရှိအောင်ဆောင်ရွက်ခြင်းဖြစ်သည်ဟု အစိုးရ၏စတုတ္ထတစ်နှစ်တာ သတင်းစာရှင်းလင်းပွဲတွင် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းကပြောသည်။ ဗဟိုဘဏ်၏ ရည်ညွှန်း ငွေလဲနှုန်းသည် ဇွန်လ ၂၂ ရက်တွင် တစ်ဒေါ်လာ၁၃၉၃ ကျပ်ဈေးဖွင့်သည်။

Source: https://7day.news/detail?id=189844

## ၂၀၂၀ ပြည့်နှစ် မေလကုန်အထိ နိုင်ငံပေါင်း ၅၁ နိုင်ငံက မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍ ၁၂ ခု၌ ဒေါ်လာ ၈၇ ဒသမ ၈၇ ဘီလျံကျော်မြှုပ်နှံထားပြီး လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်




၂၀၂၀ ပြည့်နှစ် မေလကုန်အထိ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍ ၁၂ ခုတွင် ဒေါ်လာ ၈၇ ဒသမ ၈၇ ဘီလျံကျော်မြှုပ်နှံထားပြီး လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှသိရသည်။

၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မေလကုန်အထိ မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍ ၁၂ ခုတွင် နိုင်ငံပေါင်း ၅၁ နိုင်ငံက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၈၇ ဒသမ ၈၇ ဘီလျံကျော်မြှုပ်နှံထားပြီး ကဏ္ဍအလိုက်ဝင်ရောက်မြှုပ်နှံမှုအနေဖြင့် လျှပ်စစ်ကဏ္ဍတွင် ဒေါ်လာ ၂၂ ဒသမ ၈၄၉ ဘီလျံရှိကာ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ဒေါ်လာ ၂၂ ဒသမ ၇၇၃ ဘီလျံမြှုပ်နှံထားပြီး စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၅၁ ရာခိုင်နှုန်းရှိသည်။

ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ဒေါ်လာ ၁၂ ဒသမ ၁၁၈ ဘီလျံဖြင့် စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၁၁ ရာခိုင်နှုန်းရှိသည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ဒေါ်လာ ၁၁ ဒသမ ၁၂၀ ဘီလျံဖြင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၂ ဒသမ ၉၄ ရာခိုင်နှုန်းရှိသည်။ အိမ်ခြံမြေကဏ္ဍတွင် ဒေါ်လာ ၆ ဒသမ ၃၆၃ ဘီလျံဖြင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၇ ဒသမ ၄၁ ရာခိုင်နှုန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဒေါ်လာ ၃ ဒသမ ၁၅၀ ဘီလျံဖြင့် စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၃ ဒသမ ၆၇ ရာခိုင်နှုန်း၊ သတ္တုကဏ္ဍတွင် ဒေါ်လာ ၂ ဒသမ ၉၁၄ ဘီလျံဖြင့် စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၃ ဒသမ ၃၈ ရာခိုင်နှုန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ဒေါ်လာ ၇၈၈ သန်းဖြင့် စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ သုည ဒသမ ၉၂ ရာ ခိုင်နှုန်း၊

လယ်ယာကဏ္ဍတွင် ဒေါ်လာ ၄၂၇ သန်းဖြင့် စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ သုည ဒသမ ၅၀ ရာခိုင်နှုန်း၊ Industrial Estate ကဏ္ဍတွင် ဒေါ်လာ ၃၆၂ ဒသမ ၉၇၂ သန်းဖြင့် စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ သုည ဒသမ ၄၂ သန်း၊ ဆောက်လုပ်ရေးကဏ္ဍတွင် ဒေါ်လာ ၃၇ ဒသမ ၇၆၇ သန်းဖြင့် စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ သုည ဒသမ ၀၄ သန်းနှင့် အခြားကဏ္ဍတွင် ဒေါ်လာ ၃၀၁၇ ဒသမ ၂၀၃ သန်းဖြင့် စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၃ ဒသမ ၅၁ ရာခိုင်နှုန်းရှိသည်။ အဆိုပါလုပ်ငန်းများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုပေးခဲ့သည့်လုပ်ငန်းများ ဖြစ်သည်။

အထူးစီးပွားရေးဇုန်ဥပဒေအရ ခွင့်ပြုခဲ့သည့်လုပ်ငန်းများနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုပေးခဲ့သည့်လုပ်ငန်းအားလုံးပေါင်း ဒေါ်လာ ၈၇၈၇၀ ဒသမ ၆၆၆ သန်းအထိ ဝင်ရောက်မြှုပ်နှံထားသည်။ COVID-19 အလွန်ကာလတွင် ရင်းနှီးမြှုပ်နှံမှုများ အဆက်မပြတ်စီးဝင်လာမည်ဟု မျှော်လင့်ရကြောင်းနှင့် ယခုနှစ်အတွက် ရင်းနှီးမြှုပ်နှံမှုလျာထားချက် ဒေါ်လာ ၅ ဒသမ ၈ ဘီလျံကို သတ်မှတ်ကာလအတွင်း ပြည့်မီနိုင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကပြောကြားသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တစ်နှစ်လုံးအတွက် ဒေါ်လာ ၄ ဒသမ ၁၅ ဘီလျံခွင့်ပြုခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မေလအထိ ရှစ်လတာကာလအတွင်း ဒေါ်လာ ၄ ဒသမ ၀၉ ဘီလျံခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကပြောကြားသည်။ "မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးဦးမော့လာစေဖို့ဆိုရင်တော့ ရင်းနှီးမြှုပ်နှံမှုအမြောက်အမြား ပိုမိုဝင်ရောက်စေဖို့ အရေးကြီးပါတယ်။ ဒီလိုဝင်ရောက်ဖို့လည်း တာဝန်ယူမှုရှိပြီး အရည်အသွေးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိပါတယ်။ ဥပမာအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်တဲ့ စက်မှုဇုန်တွေတည်ထောင်ဖို့အဆိုပြုလာတဲ့ ထိုင်းနိုင်ငံနဲ့ကိုရီးယားနိုင်ငံက ရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က စိစစ်ခွင့်ပြုပေးခဲ့ပါတယ်။ စင်ကာပူနိုင်ငံက လုပ်ငန်းဆောင်ရွက်ဖို့ ကမ်းလှမ်းလာတာလည်းရှိပါတယ်။ ဒါတွေကိုလည်း MIC အနေနဲ့ စိစစ်ပြီးတော့ ခွင့်ပြုသွားမှာဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကပြောကြားသည်။

အစိုးရသစ်သက်တမ်း လေးနှစ်တာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၁ ဘီလျံကျော်ရှိပြီး ကုန်ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၊ ဝန်ဆောင်မှုကဏ္ဍများ၌ အများဆုံးခွင့်ပြုပေးထားကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ထားသည့်စာရင်းများအရသိရသည်။

**Source:** https://news-eleven.com/article/179379

## ပြည်ပမှ ကြက်ပေါက်တင်သွင်းမှုကို တစ်လတစ်ကြိမ်ဆုံးဖြတ်



ကိုဗစ်ကာလတွင် ပြည်တွင်းကြက်သားပေါက်ထုတ်လုပ်မှု ၄၀ ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင့် ပြည်ပမှကြက်သားပေါက်တင်သွင်းမှုအနေအထားကို တစ်လတစ်ကြိမ် အစည်းအဝေးပြုလုပ်ကာ ဆုံးဖြတ်ပေးခဲ့ကြောင်း မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်မှ ဒေါက်တာကျော်ထင်ကဆိုသည်။

မြန်မာနိုင်ငံတွင် မတ် ၂၃ ရက်နေ့တွင် ကိုဗစ်တွေ့ရှိမှုကို ကြေညာခဲ့ပြီးနောက်ပိုင်းတွင် ကြက်ဥကြက်သားမွေးမြူရေးလုပ်ငန်း၌ အသားစားကြက်ထုတ်လုပ်မှုသည် ထိခိုက်ခဲ့ရပြီး ဈေးကွက်လိုအပ်ချက်ရှိလာခြင်းကြောင့် ပြည်ပမှ ကြက်သားပေါက်တင်သွင်းမှုနှင့်ပတ်သက်သည့် အစည်းအဝေးကို တစ်လတစ်ကြိမ်ပြုလုပ်ခဲ့သည်ဟုဆိုသည်။

ဧပြီပထမပတ်မှ မေလဒုတိယပတ်လောက်ထိ ထုတ်လုပ်မှု ၄၀ ရာခိုင်နှုန်းလျော့သွားခဲ့ခြင်းကြောင့် အသားစားကြက်သားထုတ်လုပ်မှု ဈေးအဆမတန်မြင့်တက်ခဲ့ခြင်းဖြစ်သွားခဲ့ကာ ပြည်ပမှကြက်သားပေါက်တင်သွင်းမှုကို တစ်လတစ်ကြိမ် ဆုံးဖြတ်ဖြစ်ခဲ့သည်ဟုဆိုသည်။ "ကျွန်တော်တို့မှာလည်း ပြည်တွင်းကြက်သားဖောက်စက်တွေရှိတယ်။ ဖောက်စက်တွေက ဖောက်သမျှကြက်ကများတယ်။ တစ်လကို သိန်း ၁၈၀ လောက်ရှိတယ်။ ပြည်တွင်းထုတ်လုပ်မှုက ပိုလျှံနေတော့ ခြံဖမ်းဈေးက တစ်ပိဿာကို ၂၂၀၀ လောက်ဖြစ်သွားတော့ ခြံသမားတွေအနေနဲ့ တွက်ခြေမကိုက်တော့ ပြည်ပက ကြက်သားပေါက်တင်သွင်းမှုကို ရပ်ခဲ့တယ်။

ရပ်ပြီးမကြာခင် ကိုဗစ်ဖြစ်တော့ ပြည်တွင်းထုတ်လုပ်မှု ၄၀ ရာခိုင်နှုန်း လျော့ကျခဲ့တဲ့အတွက် ခြံဖမ်းဈေးက နှစ်ဆမြင့်တက်လာခဲ့ပြီး ကြက်သားဈေးမြင့်တက်လာခဲ့ရတာပါ"ဟု ဒေါက်တာကျော်ထင်ကဆိုသည်။

အသွားအလာကန့်သတ်မှုတွေကြောင့် ကြက်သားသည် ထုတ်လုပ်မှုအောက်ကို ရောက်သွားခဲ့သည်ဟုဆိုသည်။ ကြက်သားဖောက်စက်တွေကလည်း တစ်ချို့သည်လည်း လုပ်ငန်းရပ်တန့်လိုက်ကြတယ်၊ တချို့သည်လည်း လျှော့ထုတ်လိုက်ကြခြင်းကြောင့် ဘယ်လောက်ကြာသွားလဲဆိုရင် ထိုသို့မြင့်တက်လာခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ "ဥစားကတော့ ရပ်လို့မရတော့ ပုံမှန်သွားနေတာပေါ့။ ကြက်သားဈေးက တက်သွားတာပေါ့လေ။ ကြက်ပေါက်ထုတ်လုပ်မှုလျော့သွားလို့ ကြက်သားဈေးတက်သွားတာပေါ့"ဟုဆိုသည်။ မေလ ဒုတိယပတ်ကနေ ဇွန်လထိရယ်၊ ဇွန်လလယ်ကနေ ဇူလိုင်လလယ်ထိ ပြည်ပမှကြက်သားပေါက် ၁၉ သိန်းနှစ်သောင်း တင်သွင်းခွင့်ပြုခဲ့သည်ဟုၚင်းကဆိုသည်။ "နိုမို့ဆိုရင် ပြည်တွင်းကြက်ဖောက်စက်တွေက လုံလောက်စွာထုတ်လုပ်နိုင်ပါတယ်။ ကြားထဲမှာ ကပ်သွားတဲ့အတွက် အလျဉ်မမီမှာစိုးရိမ်တဲ့အတွက်ကြောင့် တင်သွင်းခွင့်ပြုလိုက်တာ ဖြစ်ပါတယ်။ ဇူလိုင်လလောက်ဆို ပုံမှန်ပြန်ဖြစ်သွားမှာပါ။ အခုလဲ တစ်ဖြည်းဖြည်းနဲ့ပြန်ကျလာခဲ့ပါပြီ။ ခြံဖမ်းဈေးက ပုံမှန်ဆိုနှစ်ထောင် ၊ သုံးထောင်နီးပါးလောက်က ခြံသမားအတွက် အဆင်ပြေတဲ့ဈေးနှုန်းပေါ့၊ တစ်ပိဿာကို ၅၅၀၀ လောက်ထိတက်သွားခဲ့ပါတယ်။ တက်သွားပြီး ၄၄၀၀ လောက် ပြန်ရောက်သွားပါပြီ" ဟု ဒေါက်တာကျော်ထင်ကဆိုသည်။

ကြက်မွေးမြူရေးလုပ်ငန်းများသည် ခေတ်မီအအေးခန်းများနှင့် မွေးမြူသည့်စက်ရုံပုံစံ မွေးမြူသည့်စနစ်သို့ မိမိတို့ဘာသာပြောင်းလဲလာရခြင်းနှင့် နှစ်စဉ်အသစ်ဝင်ရောက်လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် ပြည်တွင်းကြက်မွေးမြူရေး သမားများအတွက် စိန်ခေါ်မှုများဖြစ်နေသည်။

**Source:** https://myanmar.mmtimes.com/news/140582.html

## ထိုင်းသို့ နယ်စပ်မှပို့ကုန်ပမာဏ ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာသန်း ၂၀၀ ခန့်လျော့နည်း

COVID-19 ရောဂါကြောင့် နယ်စပ်များတွင် ကျန်းမာရေးစစ်ဆေးမှုများတင်းကျပ်သဖြင့် ထိုင်းသို့ပို့ကုန်တန်ဖိုးသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာသန်း ၂၀၀ ခန့် လျော့နည်းသွားသည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကိုးလကျော်အတွင်း နယ်စပ်ကုန်သွယ်ရေးဖြင့် ထိုင်းသို့ ကုန်စည်နှင့်သဘာဝဓာတ်ငွေ့ ဒေါ်လာနှစ်ဘီလီယံကျော်တင်ပို့ထားသည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူက ဒေါ်လာ ၂ ဒသမ ၂၅ ဘီလီယံကျော်တင်ပို့နိုင်ခဲ့သည်။

နိုင်ငံတကာရေနံနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းလျော့ကျမှုကြောင့် ထိုင်းနိုင်ငံသို့ ပိုက်လိုင်းဖြင့် နယ်စပ်မှတစ်ဆင့် သဘာဝဓာတ်ငွေ့တင်ပို့မှုသည် ယခုဘဏ္ဍာနှစ်တွင် ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံခန့်သာရရှိထားသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်က ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံကျော် ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများတွင်ဖော်ပြထား သည်။ နယ်စပ်ကုန်သွယ်ရေးဖြင့် လယ်ယာထွက်ကုန်များ ထိုင်းသို့တင်ပို့မှုမှာ ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက်ပိုများပြီး မြဝတီ၊ တာချီလိတ်၊ ကော့သောင်းတို့မှ လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များအပါအဝင် ပို့ကုန်တန်ဖိုးသည် ယခု ဘဏ္ဍာနှစ် တွင် တိုးတက်လာသည်။ တာချီလိတ်မှ ပို့ကုန်တန်ဖိုး ဒေါ်လာ ၄၂ သန်းကျော် ပိုမိုတင်ပို့နိုင်သကဲ့သို့ ကော့သောင်းမှ ဒေါ်လာ ၈၄ သန်းနှင့် မြဝတီမှ ဒေါ်လာ ၁၈၈ သန်းဖိုး ပိုမိုတင်ပို့နိုင်သည်။ တာချီလိတ်နှင့် မြဝတီမှပို့ကုန်တန်ဖိုး တိုးတက်ခြင်းမှာ ပြောင်းဖူးစေ့တင်ပို့မှုကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တစ်နှစ် တန်ချိန် ၂ ဒသမ ၃သန်း စိုက်ပျိုးထုတ်လုပ်သော ပြောင်းဖူးစေ့ကို ထိုင်းနိုင်ငံက မြဝတီနှင့် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးဖြင့် တန်ချိန်တစ်သန်းနှစ်သိန်းကျော်တင်သွင်းကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောကြားသည်။ လက်ရှိ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးတွင် ကုန်သွယ်မှုအများဆုံး မြဝတီလမ်းကြောင်း၌ နှစ်နိုင်ငံကုန်သွယ်မှု အနည်းငယ်တုံ့နှေးနေသည်ဟု မြန်မာ-ထိုင်းနယ်စပ် မြဝတီနယ်စပ်ကုန်သွယ်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်က ပြောသည်။ မြန်မာနိုင်ငံဘက်ခြမ်းတွင် ကပ်ရောဂါနှင့်ပတ်သက်ပြီး ကျန်းမာရေးစစ်ဆေးမှုများနှင့် နယ်မြေဒေသအချို့တွင် တားမြစ်မှုများရှိနေခြင်းက ထိုင်းနိုင်ငံမှ သွင်းကုန်လုပ်ငန်းများ လျော့နည်းစေသည်ဟု ၎င်းကပြောသည်။ ထို့အပြင် မြန်မာနိုင်ငံမှ ပြောင်းဖူးစေ့အပါအဝင် ကုန်စည်ပို့မှုတွင်လည်း ကျန်းမာရေး စစ်ဆေးမှု အခက်အခဲများရှိနေသည်ဟုဆိုသည်။

**Source:** https://7day.news/detail?id=189845

## နိုင်ငံခြားအရက်တင်သွင်းမှုအတွက်အလေးထားဟု မြန်မာနိုင်ငံ ယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်းထုတ်ပြန်

၂၀၂၀ခုနှစ်၊ မေလ(၂၅) ရက်နေ့တွင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မြန်မာပြည်တွင်းသို့ပြည်ပမှ နိုင်ငံခြားအရက်များတင်သွင်းမှု ပိတ်ပင်ထားခြင်းကို ဖြေလျှော့ပေးခဲ့သည်။

မြန်မာပြည်တွင်းရှိ ယမကာထုတ်လုပ်ဖြန့်ဖြူးရေးကဏ္ဍကိုပံ့ပိုးရန်၊ တိုးတက်ရန်နှင့်တီထွင်ရန်ရည်မှန်းချက်များထားရှိသော တစ်ခုတည်းသောအသင်းအဖွဲ့ဖြစ်သည့် မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်းသည် ဖြေလျှော့မှုအားအလေးထား၍ သေချာစွာထိန်းချုပ်ခြင်းမရှိပါက ပြည်တွင်းကဏ္ဍအတွက် ဆိုးကျိုးများဖြစ်လာနိုင်ခြေရှိလာနိုင်ကြောင်း အလေးထားသုံးသပ်သည်။

မြန်မာနိုင်ငံယမကာ ထုတ်လုပ်ဖြန့်ဖြူးသူများအသင်း၏ဥက္ကဋ္ဌ ဦးစိုးလွင်က "ကဏ္ဍတစ်ခုအနေနဲ့ ပြည်ပက နိုင်ငံခြားအရက်တွေ မြန်မာပြည်တွင်းက ကဏ္ဍထဲကိုဝင်လာတာကို ကြိုဆိုပါတယ်။ အရင်ကတည်းက အကြိမ်ကြိမ်ပြောခဲ့သလိုပဲ ကျွန်တော်တို့အနေနဲ့ ပြိုင်ဖက်တွေကို ကြိုဆိုပါတယ်။ နိုင်ငံခြားအရက် တင်သွင်းသူတွေအနေနဲ့ ကျွန်တော်တို့ပြည်တွင်းမှာပါ ထုတ်လုပ်ဖြန့်ချိနိုင်ဖို့လည်း ကျွန်တော်တို့မျှော်လင့်ပါတယ်။ ကျွန်တော်တို့အသင်းရဲ့ ရည်မှန်းချက်ဟာ ပြည်တွင်းကဏ္ဍကလုပ်ငန်းတွေ၊ ပြည်တွင်းထုတ်လုပ်သူတွေ၊ ပြည်တွင်းကို လာရောက် ရင်းနှီးမြှုပ်နှံသူတွေ၊ လက်ကားရောင်းချသူတွေ၊ လက်လီ ရောင်းချသူတွေနဲ့ စားသုံးသူတွေ ကောင်းကျိုးအတွက်၊ မြန်မာပြည်တွင်းထုတ်လုပ်သူများရဲ့ကဏ္ဍကိုပံ့ပိုးဖို့ပါပဲ။ ဒါကြောင့် ယှဉ်ပြိုင်မှုရှိတာဟာ အမြဲတမ်း ကျွန်တော်တို့အတွက်ကောင်းပါတယ်။ ယှဉ်ပြိုင်မှုရှိတဲ့အတွက် လက်ကားရောင်းချသူတွေ၊ လက်လီရောင်းချသူတွေနဲ့ စားသုံးသူတွေအတွက် ကျွန်တော်တို့အခန်းကဏ္ဍကို ဒီထက်ပိုပြီးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ဖို့ အခွင့်အရေးရတာပါပဲ။ တိုင်းပြည်အတွက် ဘဏ္ဍာအခွန်ငွေတွေရရှိပြီး၊ ကဏ္ဍအတွင်းက ပါဝင်ပတ်သက်နေသူတွေအားလုံးအတွက် တရားမျှတတဲ့ ဈေးကွက်စီးပွားရေးဖြစ်ဖို့တော့ သေချာစေချင်ပါတယ်" ဟုဆိုသည်။

ဦးစိုးလွင်ကဆက်လက်၍ "ကျွန်တော်တို့အနေနဲ့ တိုင်းပြည်က အများပြည်သူအားလုံးရဲ့ လူနေမှုဘဝတွေအတွက် အခြေခံအုတ်မြစ်တွေတည်ဆောက်ဖို့ အင်မတန်များပြားတဲ့ အခွန်ဘဏ္ဍာငွေတွေကို ရယူနိုင်မယ့် ပြည်ပမှနိုင်ငံခြားအရက်တွေ တင်သွင်းဖို့ကို ဘယ်တုန်းကမှ မကန့်ကွက်ခဲ့ပါဘူး။ အခုလို နိုင်ငံတော်အစိုးရက ဖြေလျှော့ပေးလိုက်တဲ့အပေါ်မှာလည်း ကျွန်တော်တို့အနေနဲ့ အပြည့်အဝထောက်ခံပါတယ်။ ဒီဖြေလျှော့မှုကြောင့် အများပြည်သူကျန်းမာရေးကဏ္ဍအတွက်လည်း ဈေးကွက်ထဲမှာ အတုအပတွေ ပျောက်ကွယ်သွားမယ်လို့ ယုံကြည်ပါတယ်" ဟုဆိုသည်။ "ကျွန်တော်တို့ အသင်းဝင်တွေအနေနဲ့ ပြည်တွင်းက စားသုံးသူတွေအတွက် ထုတ်ကုန်တွေကို ခေတ်မီတဲ့စက်ပစ္စည်းကိရိယာတွေနဲ့ နည်းလမ်းတွေသုံးပြီး၊ နိုင်ငံတကာ အဆင့်အတန်းနဲ့အညီ ထုတ်လုပ်နိုင်တဲ့အတွက်ဂုဏ်ယူရပါတယ်။ ၂၀၀၀ ခုနှစ်မှစတင်ပြီး ကမ္ဘာ့နိုင်ငံအရပ်ရပ်က ယမကာတွေအတွက် ကျင်းပတဲ့ပြိုင်ပွဲတွေမှာ နိုင်ငံတကာကအသိအမှတ်ပြုပြီး ဂုဏ်ပြုတဲ့ဆုတံဆိပ်တွေကို ကျွန်တော်တို့ရဲ့ ထင်ရှားတဲ့ အသင်းဝင်ကုမ္ပဏီတွေ ဆွပ်ခူးထားပြီးလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ အသင်းဝင်ညီနောင်ကုမ္ပဏီများဟာ ကမ္ဘာမှာ အကောင်းဆုံး၊ ဝီစကီအမှတ်တံဆိပ် (၅၀)မှာ ပါဝင်ကြောင်း အသိအမှတ်ပြုခံရပါတယ်။ အခုလောလောဆယ်မှာတော့ ကျွန်တော်တို့ရဲ့ အမှတ်တံဆိပ်တွေ အရည်အသွေးပိုမိုကောင်းသထက်ကောင်းမွန်ပြီး၊ ပိုပြီးမြင့်တဲ့အဆင့်တွေကို တက်လှမ်းနိုင်ဖို့အတွက် တီထွင်ကြံဆတာတွေကို အာရုဏ်စိုက်နေကြပါတယ်။ နိုင်ငံတကာကလုပ်ငန်းတွေနဲ့ လက်တွဲဖို့လည်းကြိုဆိုပါတယ်" ဟု မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း၏ အတွင်းရေးမှူး ဦးဝင်းသော်ကဆိုသည်။

ပြည်တွင်းကဏ္ဍသည် ပြည်တွင်းရှိဆက်စပ်လျက်ရှိသော ပတ်ဝန်းကျင်အတွက် များပြားစွာရင်းနှီးမြှုပ်နှံထားပြီးလည်းပတ်လျက်ရှိသော လုပ်ငန်းများမှတစ်ဆင့် အထက်နှင့်အောက်ဂေဟာစနစ်အတွင်းတွင် အခန်းကဏ္ဍမျိုးစုံနှင့် စီးပွားရေး

လုပ်ငန်းမျိုးစုံကို အကျိုးပြုလျက်ရှိသည်။ ဥပမာအားဖြင့် ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှဝယ်ယူတင်သွင်းမည့်အစား ပြည်တွင်းရှိဆန်ကွဲများကို ပြည်တွင်းရှိတောင်သူလယ်သမားများထံမှ ဝယ်ယူသုံးစွဲသဖြင့် ပြည်တွင်းရှိအလုပ်အကိုင်ပေါင်းများစွာကို ဖန်တီးနိုင်ပြီး၊ တောင်သူလယ်သမားများ ဘဝတိုးတက်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ အထွက်တိုးရေးတို့အတွက်အားပေးလျက်ရှိသည်။ ပြည်တွင်းရှိ ဆန်စက်နှင့်လယ်ယာလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးဖြစ်သည့် ဦးမင်းမင်းဝေ က "ပြည်တွင်းမှာရှိတဲ့ ယမကာထုတ်လုပ်ဖြန့်ဖြူးသူတွေသာ ကျွန်တော့်ဆန်ကွဲတွေ မဝယ်ဘူးဆိုရင် ကျွန်တော့်စီးပွားရေးအဆင်ပြေမှာမဟုတ်ဘူး။ ကျွန်တော်တို့ လယ်ယာလုပ်ငန်းတွေ၊ လယ်သမားတွေအတွက်ရော၊ ယမကာကဏ္ဍအတွက်ပါနှစ်ဦးနှစ်ဖက် အင်မတန်အကျိုးရှိပါတယ်" ဟုဆိုသည်။

"ကျွန်တော်တို့အသင်းတွေရဲ့ အမှတ်တံဆိပ်တွေဟာ နိုင်ငံတကာက အသိအမှတ်ပြု ဂုဏ်ပြုခြင်းတွေကို လက်ခံရရှိပြီး၊ ကမ္ဘာမှာ ထိပ်တန်းအမှတ်တံဆိပ်အဖြစ် မှတ်တမ်းတင်ခြင်းကို လက်ခံရရှိထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဈေးကွက်ရှယ်ယာနဲ့ ကျွန်တော်တို့အမှတ်တံဆိပ်တွေအပေါ်မှာ အပြည့်အဝယုံကြည်ချက်ရှိပါတယ်။ ယှဉ်ပြိုင်မှုတွေကိုလည်း ရင်ဆိုင်ဖို့အသင့်ပါပဲ" ဟု မြန်မာနိုင်ငံယမကာ ထုတ်လုပ်ဖြန့်ဖြူးသူများ အသင်း၏အတွင်းရေးမှူး ဦးဝင်းသော်ကပြောသည်။ "နိုင်ငံတော်အစိုးရကို ပန်ကြားချင်တာကတော့ ပြည်တွင်းက တင်သွင်းသူတွေ၊ ထုတ်လုပ်သူတွေ၊ နိုင်ငံခြားက တင်သွင်းသူတွေ အားလုံးအတွက် တရားမျှတတဲ့ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်နိုင်ရေးပါပဲ။ ယှဉ်ပြိုင်မှုဟာ ကျွန်တော်တို့ကဏ္ဍအတွက် ကောင်းပါတယ်။ ဒါပေမယ့် နိုင်ငံတွင်းထုတ်လုပ်သူတွေ နစ်နာနိုင်ရင်တော့ မကောင်းပါဘူး။ ပါဝင်ပတ်သက်သူတွေ အားလုံးအတွက်နည်းလမ်းမှန်ကန်ပြီး တိကျတဲ့ အခွန်စည်ကမ်းတွေ၊ ဥပဒေတွေကိုလိုက်နာပြီး တရားမျှတတဲ့ ဈေးကွက်စီးပွားရေးဖြစ်သင့်ပါတယ်" ဟု ဦးဝင်းသော်က ထပ်လောင်းပြောကြားသည်။

မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်းသည် တိုက်ရိုက်အလုပ်အကိုင်ပေါင်း (၃၀,၀၀၀)ကျော်ကိုဖန်တီးထားလျက်ရှိသည်။ ပြည်တွင်းတွင် အထက်အောက် ဆက်စပ်လျက်ရှိသော ဂေဟာစနစ်တွင် လုပ်ငန်းပေါင်း (၂) သန်းခန့်ကိုအလုပ်အကိုင်များ ဖန်တီးထားနိုင်သည်။ လမ်းပန်းလုံခြုံရေးစီမံကိန်း၊ အရေးပေါ် ထောက်ပံ့ရေးလုပ်ငန်းများနှင့် COVID-19 ကာကွယ် ထိန်းချုပ်ကုသရေး စသည့် နိုင်ငံတော်နှင့် အများပြည်သူ အတွက် လိုအပ်သည့်အချိန်များတွင်လည်း တတ်အားသဖြင့်ပံ့ပိုးကူညီမှုများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံယမကာ ထုတ်လုပ်ဖြန့်ဖြူးသူများအသင်းကို ၂၀၁၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး၊ တိုင်းပြည်တွင်းရှိယမကာ ကဏ္ဍမှ အသင်းဝင်ပေါင်း (၂၅၀) ကျော်နှင့် ဖွဲ့စည်းထားသည်။ ကဏ္ဍတွင်းကျွမ်းကျင်သူများနှင့်တာဝန်သိနိုင်ငံသားကောင်း များပီပီ၊ နိုင်ငံတော်ကချမှတ်ထားသော ပြည်ထောင်စုအခွန်ဥပဒေကို တိကျသေချာစွာလိုက်နာလျက်ရှိကြသည်။ ၂၀၁၉ ခုနှစ်၏ အခွန်မှတ်တမ်းများအရ အသင်းဝင် (၁၀) ကုမ္ပဏီအား အခွန်အများပေးဆောင်သောအခွန်ထမ်းကြီးများအဖြစ် အသိအမှတ်ပြု ဆုချီးမြှင့်ခြင်းခံရသည်။ ပြည်တွင်းယမကာကဏ္ဍအနေနှင့်တိုင်းပြည်၏လူထုကိုအကျိုးကို များစွာသယ်ပိုးထားပြီး၊ တိုင်းပြည် အတွက် အခွန်ငွေများလည်း မှန်ကန်တိကျစွာပေးဆောင်လျက်ရှိသည်။ တစ်တိုင်းတစ်ပြည်လုံးအတိုင်းအတာအနေနှင့် လူမှု ဘဝများခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက်အစွမ်းကုန်ကြိုးပမ်းပံ့ပိုးသွားမည်ဖြစ်ပါသည်။

**Source:** https://myanmar.mmtimes.com/news/140585.html

## ကုန်စည် ၁၀ မျိုး၌ မြန်မာစာသားဖြင့် ကုန်အညွှန်းမပါလျှင် အရေးယူမည်

ကုန်စည် ၁၀ မျိုးတွင် မြန်မာစာသားဖြင့် ကုန်အညွှန်းအမှတ်အသားများ မရေးထားလျှင် ၂၀၁၉ စားသုံးသူရေးရာဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း မကွေးတိုင်းစားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်ဝင်းကပြောသည်။ ယင်းတို့မှာ သောက်ရေသန့်၊ အသင့်သောက်အချိုရည်၊ အသင့်စားမုန့်၊ အရန်သင့်အစားအစာ၊ စားသုံးဆီ၊ အသင့်စား ခေါက်ဆွဲခြောက်ထုပ်၊ အသင့်သောက် ကော်ဖီ၊လက်ဖက်ရည်၊ ဟင်းလျာများတွင် အရောင်၊ အနံ့၊ အရသာအတွက် အသုံးပြုသောပစ္စည်း၊ဆပ်ပြာနှင့်အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုးဖြစ်သည်။ “တဖြည်းဖြည်းနဲ့ စားသုံးသူတွေအတွက် ပြည့်စုံမှန်ကန်တဲ့သတင်းအချက်အလက်တွေ မြန်မာလိုဖော်ပြရမယ်ဆိုတာ အကုန်ပါလာအောင်ပေါ့။ မပါဘူးဆိုရင်လည်း မပါတဲ့ကုန်စည်တွေကို အရေးယူတဲ့ အပိုင်းတွေ

ရှိလာမှာပေါ့'' ဟု ဦးမြင့်ဝင်းကပြောသည်။ မကွေးတိုင်းတွင် ကုန်အညွှန်းအမှတ်အသား ၈,၄၀၀ ကျော်ရှိနေပြီး ယင်းတို့ အထဲမှ နိုင်နင်းစွာဆောင်ရွက်နိုင်မည့် ကုန်စည် ၁၀ မျိုးကို ဦးစားပေးရွေးချယ်ထားခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

''ကုန်အညွှန်းအမှတ်အသားကို မြန်မာလိုဖော်ပြမှုမရှိရင် အရေးယူလို့ရတဲ့ဥပဒေရှိပေမယ့် ကိုဗစ်ကာလဖြစ်သွားတဲ့အတွက် စစ်ဆေးမှုတွေမပြုလုပ်နိုင်ခဲ့ဘူး။ အရေးယူထားတာလည်းမရှိပါဘူး။ ခုစပြီး ကုန်စည် ၁၀ မျိုးကို ရွေးချယ်စစ်ဆေးဖို့ လုပ်နေပါပြီ'' ဟု ဦးမြင့်ဝင်းကဆိုသည်။ မကွေးမြို့ရှိ မုန့်ဆိုင်ကြီးများ၌ တင်ရောင်းသောမုန့်များတွင် ပါဝင်ပစ္စည်းကို မြန်မာ စာသားဖြင့် အညွှန်းရေးထားသည်ကိုတွေ့ရကြောင်း မကွေးမြို့မှမုန့်လုပ်ငန်းရှင် ဒေါ်ရီရီခိုင်ကပြောသည်။ ''မပါရင် ဆိုင်ကြီးတွေကလည်း တင်ပြီးအရောင်းမခံကြပါဘူး'' ဟု ၎င်းကပြောသည်။ စားသုံးသူရေးရာဥပဒေသစ်နှင့်ညီညွတ်သော ကုန်အညွှန်းအမှတ်အသား များမရှိပါက သတိပေး၊ ဒဏ်ငွေရိုက်ကာ ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း မကွေးတိုင်းစားသုံးသူရေးရာဦးစီးဌာနမှသိရသည်။

**Source:** https://7day.news/detail?id=189850

## ဖရဲအစား ငရုတ်ကိုပြောင်းလဲစိုက်ပျိုးရန်ပြင်ဆင်

ဖရဲ၊ သခွား အများဆုံးစိုက်ပျိုးသည့် မန္တလေးတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်အတွင်း လာမည့်မိုးဖရဲရာသီတွင် ဈေးကွက်နှင့်ဈေးနှုန်းကောင်းနေသည့် ငရုတ်သီးကိုပြောင်းလဲစိုက်ပျိုးရန် ပြင်ဆင်နေကြောင်း တောင်သူများထံမှသိရသည်။ ဖရဲ၊ သခွားများမှာ ကိုဗစ်-၁၉ ကြောင့် မူဆယ်နယ်စပ်တွင် အရောင်းအဝယ်မလုပ်နိုင်ဘဲ တရုတ်နိုင်ငံထဲသို့ သွားရောက်ရောင်းချနေရပြီး မိုးဖရဲပေါ်ချိန်တွင်လည်း အပြောင်းအလဲမဖြစ်နိုင်ဘဲ ယခုပုံစံအတိုင်းသာဖြစ်နိုင်သည်ဟုယူဆကြသဖြင့် စိုက်ပျိုးစရိတ်လည်းနည်းပါးသည့်ငရုတ်ကို ပြောင်းလဲစိုက်ပျိုးခြင်းဖြစ်ကြောင်း ချောင်းဦးမြို့နယ်မှ တောင်သူဦးစိုးလွင်ကပြောသည်။

"မိုးဖရဲစိုက်ပျိုးမယ့်နေရာမှာ ငရုတ်စိုက်ပျိုးဖို့ပြင်ဆင်နေကြတယ်။ စိုက်စရိတ်လည်းနည်းပါးတဲ့ငရုတ်ကို ကိုယ့်အရင်းအနှီးနဲ့စိုက်ပျိုးကြတယ်။ ဖရဲသခွားစိုက်ပျိုးမယ့်သူများ မြေငှားရမ်းမှုများလည်းမရှိတော့ လုပ်ကွက်ငယ် တောင်သူအများစုကတော့ ငရုတ်ပဲစိုက်ကြတော့မှာပါ။ လက်ရှိမှာလည်း သခွားစိုက်ခင်းကြားမှာညှပ်စိုက်ခဲ့တဲ့ ငရုတ်သီးရောင်းရငွေက သခွားအကြွေးတွေဆပ်နေရတယ်။ လာမယ့်ရာသီ ငရုတ်အသစ်စိုက်ခင်းတွေ ပိုများလာမယ်"ဟု ၎င်းကပြောသည်။ ဒေသနှင့်ကိုက်ညီသည့် ငရုတ်မျိုးကိုသာ စိုက်ပျိုးစရိတ်နည်းနည်းဖြင့် အစားထိုးတိုးချဲ့စိုက်ပျိုးကြကြောင်း၊ လက်ရှိငရုတ်အစိုပေါက်ဈေး ကောင်းနေသဖြင့်တောင်သူများအနေဖြင့် ဈေးကွက်ကောင်းသည့် သီးနှံကိုပြောင်းလဲစိုက်ပျိုးခြင်းဖြစ်ကြောင်း ငါးလုံးတင် ကျေးရွာမှ တောင်သူကိုနိုင်မိုးဦးကပြောသည်။

"လက်ရှိမှာတော့ မိုးလေးကျလာတော့ ထယ်ရေးပြင်နေကြပြီး တောင်သူတိုင်းနီးပါးကတော့ ငရုတ်စိုက်မျိုးတွေပျိုးနေကြပါပြီ။ ချောင်းဦးဒေသမှာတော့ သာမိ-၁၁ ငရုတ်မျိုးတွေစိုက်တာများတယ်။ လက်ရှိမှာတော့ တစ်ပိဿာ (ကျပ်) ၃၂၀၀ ဈေးပေါက်တယ်။ငရုတ်တောင်သူတွေကတော့ တစ်ပိဿာ (ကျပ်) ၁၀၀၀ ဝန်းကျင်ရောင်းရရင်တောင် တွက်ခြေကိုက်ကြတယ်။ မျိုး၊ မြေဆီ၊ မြေပြင်စရိတ်ပေါင်းရင် ခူးဆွတ်တာမပါ ကျပ်ခုနစ်သိန်းလောက်တော့ကုန်ကျစရိတ်ရှိပါတယ်"ဟု ၎င်းကပြောသည်။ ငရုတ်သီးစိုက်ပျိုးပြီး သုံးလကြာလျှင် ၁၅ရက်တစ်ကြိမ် ခူးရောင်းရပြီး ရာသီဥတုကောင်း၊ ပြုစုမှုမှန်လျှင် တစ်ဧကလျှင် ပိဿာ ၇၀၀ မှ ၈၀၀ ထိ ပျမ်းမျှထွက်ရှိကြောင်းနှင့် ပိဿာ ၁၀၀၀ ထိရရှိသည့် အခင်းများလည်းရှိကြောင်းသိရသည်။

**Source: The Farmer Media.**

https://www.facebook.com/myanmaawba/?ref=page_internal

## သဘာဝမှိုများထွက်သည့် ရာသီချိန်ဖြစ်သော်လည်း စိုက်ပျိုးရေးမှိုဈေးကွက်ကျဆင်းမှုမရှိ

မိုးရာသီတွင် အလေ့ကျပေါက်ရောက်သည့် သဘာဝမှိုများထွက်ရှိနေသော်လည်း စိုက်ပျိုးရေးမှို (ကောက်ရိုးမှို၊ ငွေနှင်းမှို၊ ကြွက်နားရွက်မှိုစသည့်) ဈေးကွက်များမှာ ကျဆင်းမှုမရှိကြောင်းသိရသည်။ ဖြတ်သန်းခဲ့ဖူးသမျှနှစ်တွေထက် ဒီနှစ်မှာတော့ ဈေးကွက်အကောင်းဆုံးလို့ ပြောလို့ရပါတယ်။ ရာသီပေါ်မှိုတွေ ဘယ်လိုထွက်ထွက် ရန်ကုန်မှိုဈေးကွက်က အကြီးကြီးမို့လို့ လုံးဝ ထိခိုက်မှုမရှိနိုင်ပါဘူးဟု ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်မှ မှိုမျိုးစုံစီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နေသူ ကိုဇော်မျိုးအောင်ကပြော သည်။

Covid-19 ကာလအတွင်း ရောဂါသက်ရောက်မှုအပေါ်စိုးရိမ်စိတ်ဖြင့် တောင်သူတချို့ မှိုစိုက်ပျိုးထုတ်လုပ်မှုကို လျှော့ချစိုက်ပျိုးကြသည့်အပြင် ပြီးခဲ့သည့်နွေရာသီက အပူချိန်မြင့်မားသည့်အတွက် အရှုံးပေါ်ကာ စိုက်ပျိုးမှုရပ်နားသွားသူများလည်း ရှိခဲ့သည်။ အဲ့ဒါကြောင့် ကောက်ရိုးမှိုစိုက်သားက တိုးမလာဘူးလေ။ အခုအချိန်မှာ လယ်တွေ ရေမြုပ်တော့ ကောက်ရိုးမှိုကို စင်စနစ်၊ ရုံစနစ်တွေနဲ့ စိုက်သူတွေလောက်ပဲကျန်တယ်။ စားသုံးသူကတော့ Covid-19 ဖြစ်ပွားချိန်ဆိုရင်လည်း စားနေကြဦးမှာပဲ။ မှိုဆိုတာက ပုံမှန်စားသောက်ကုန်ဖြစ်တဲ့အတွက် Covid-19 ဖြစ်လို့ဆိုပြီး မစားပဲနေမှာ မဟုတ်ဘူးလေ။ ဒါ့ကြောင့် လုံးဝဈေးကွက်ပျက်တာမျိုးမရှိဘူး။ ဒီ Covid-19 ကာလမှာလည်း နားကိုမနားရဘူး။ ရောင်းနေရတာပါဘဲဟု ကိုဇော်မျိုးအောင်က ဆက်လက်ပြောသည်။

လက်ရှိမှိုဈေးကွက်တွင် လက်ကားဈေး (ဒိုင်ဈေး) အနေဖြင့် ငွေနှင်းမှိုတစ်ပိဿာလျှင် ၂၅၀၀ ကျပ်၊ ကောက်ရိုးမှို တစ်ပိဿာလျှင် ၆၅၀၀/၇၀၀၀ ကျပ် ပေါက်ဈေးရှိနေကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/no_decline_in_agricultural_mushroom_market

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်မှုကုန်ကြမ်းသီးနှံ ကြက်ပေါင်စေး (၁၂၅၀၀)ကေကျော် စိုက်ပျိုးထား



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကသာ၊ ကလေး၊ မော်လိုက်၊ တမူး ခရိုင်၊ ခန္တီးခရိုင်နှင့်နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီးမြို့နယ်နှင့် မိုပိုင်း လွတ်မြို့နယ်ခွဲတို့တွင် စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ကြက်ပေါင်စေး (၁၂၅၃၄) ကေကို စိုက်ပျိုးထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးဦးဝင်းလှိုင်ဦးထံမှသိရသည်။ "ကြက်ပေါင်စေး ကုန်ကြမ်းဈေးနှုန်းကကျဆင်းနေတော့ တောင်သူတွေသိပ်ပြီး အဆင်မပြေကြဘူး၊ ကြက်ပေါင်စေးကို ချင်းတွင်းအထက်ပိုင်းဒေသတွေဖြစ်တဲ့ ခရိုင်(၅)ခုနဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းအပါအဝင် မြို့နယ်(၁၂) မြို့နယ်နဲ့ မြို့နယ်ခွဲ (၃)ခုတို့မှာ ကေ (၁၂၅၀၀) ကျော်ကို စိုက်ပျိုးထားပါတယ်ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းလှိုင်ဦးကပြောသည်။

ခရိုင်အလိုက်စိုက်ပျိုးမှုအနေဖြင့် ကသာခရိုင်အတွင်းရှိ မြို့နယ် (၇) မြို့နယ်တွင် (၁၂၂၁)ကေအား လည်းကောင်း၊ ကလေးခရိုင်အတွင်းရှိ မြို့နယ်(၂) မြို့နယ်တွင် (၁၅၆၃) ကေအားလည်းကောင်း၊ မော်လိုက်ခရိုင်အတွင်းရှိ ဖောင်းပြင်မြို့နယ်တွင် (၄၀၄) ကေ စိုက်ပျိုးထားသည်။ "ကြက်ပေါင်စေးတစ်ပေါင်ဈေးနှုန်းက ငွေကျပ်(၆၈၀)နဲ့(၇၀၀)ကြားမှာရှိတယ်၊ အရှုံးတော့မရှိဘူး၊ ကျွန်တော်ဆီမှာကို စိုက်ကေ (၂၀၀)ရှိတယ်၊ အစေးထုတ်တာ(၁၀)နှစ်လောက်ရှိပြီ၊ အခုက ကိုဗစ်-၁၉ ရောဂါကြောင့် လုပ်သားရှားသလို စက်ရုံ၊ အလုပ်ရုံတွေနားတာလည်းပါတဲ့အတွက်ကြောင့် ဈေးကွက်အေးနေတာဖြစ်တယ်လို့မြင်တယ်၊ ကြက်ပေါင်စေး ကုန်ကြမ်းကို မန္တလေးမြို့ကိုအဓိကပို့တယ်ဟု ဟုမ္မလင်းမြို့မှ ကြက်ပေါင်စေးစိုက်ပျိုးရေးလုပ်ငန်းရှင် ဦးဖိုးတာက ပြောသည်။

ထို့အပြင် တမူးခရိုင်အတွင်းရှိ တမူးမြို့နယ်၊ ခမ်းပတ်နှင့်မြို့သစ် မြို့နယ်ခွဲများတွင် (၈၄၀)ကေအားလည်းကောင်း၊ ခန္တီးခရိုင်အတွင်းရှိ မြို့နယ်(၂)မြို့နယ်တို့တွင် (၈၄၃၆)ကေအားလည်းကောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်နှင့် မိုပိုင်းလွတ် မြို့နယ်ခွဲတို့တွင် ကေ(၇၀)အားလည်းကောင်းစိုက်ပျိုးထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## နိုင်ငံခြားခရီးသွားများအား ဇူလိုင် ၇ ရက်မှစတင်ကာ ဒူဘိုင်းသို့လည်ပတ်ခွင့်ပြုမည်

ဒူဘိုင်းတွင် တစ်စုံတစ်ခုသောအတိုင်းအတာအထိ ထိန်းချုပ်မှုများပြုလုပ်နိုင်ပါက ဇူလိုင် ၇ ရက်မှစတင်ကာ နိုင်ငံခြားခရီးသွားများကို ဒူဘိုင်းသို့လာရောက်လည်ပတ်ခွင့်ပေးသွားမည်ဟု ဇွန် ၂၁ ရက်တွင် ဖော်ပြထားသည်။



ဒူဘိုင်းသည် ယူအေအီးနိုင်ငံ၏ စီးပွားရေးအချက်အချာကျသည့် နေရာလည်းဖြစ်သည်။ ကိုဗစ် -၁၉ ပျံ့နှံ့မှုထိန်းချုပ်ရေးအတွက် မတ်လ အလယ်မှစတင်ကာ နိုင်ငံခြားခရီးသွားများဝင်ရောက်ခွင့်ကို ပိတ်ပင်ထားခဲ့သည်။ ထွက်ခွာသည့်ဂိတ်တွင် ပီစီအာ စမ်းသပ်မှုပြုလုပ်ရမည်ဖြစ်ပြီး စမ်းသပ်မှုရလဒ်တွင် ရောဂါမရှိဟု ပြသမှသာဝင်ရောက်ခွင့်ရမည်ဖြစ်သည်။ နောက်ထပ်လိုအပ်ချက်တစ်ခုမှာ ဒူဘိုင်းတွင် ဆေးကုသစရိတ်အတွက်ကာမိသည့် ကျန်းမာရေး အာမခံရှိရမည်ဖြစ်သည်။ ဒူဘိုင်းလေဆိပ်သို့ ရောက်သည့်အခါတွင်လည်း ဆေးစစ်မှုခံယူရန်လိုအပ်ပြီး ရောဂါစစ်ဆေးတွေ့ရှိပါက အသွား အလာ ကန့်သတ်ထားသည့်နေရာတွင် သီးခြားနေထိုင်ရမည်ဖြစ်သည်။

ယူအေအီးနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုနှုန်းမှာ မကြာသေးမီရက်ပိုင်းအတွင်းကျဆင်းလာပြီး နေ့စဉ်ကူးစက်မှုနှုန်းမှာ ၄၀၀ အောက်သို့လျော့နည်းလာသည်။ ကမ်းခြေများ၊ ဟိုတယ်များ၊ ဖျော်ဖြေရေးနှင့်သက်ဆိုင်သည့် အဆောက်အအုံ များကိုလည်း တဖြည်းဖြည်းချင်းဖွင့်လှစ်ခွင့်ပေးနေပြီဖြစ်သည်။ ဒူဘိုင်း၏စီးပွားရေးသည် ခရီးသွားလုပ်ငန်းအပေါ် မှီခိုနေသည့်အတွက် ယူအေအီးရှိ အခြားမြို့များထက်စောကာ ဒူဘိုင်းတွင် နိုင်ငံခြားခရီးသွားများ ပြန်လည်လက်ခံနိုင်ရေးကြိုးစားနေသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## ကမ္ဘာ့စီးပွားရေး အနည်းဆုံး (၆) ရာခိုင်နှုန်းဖြင့် ကျဆင်းနိုင်ဖွယ်ရှိခြင်း

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (Organization for Economic Cooperation and Development-OECD) အရ ကမ္ဘာ့စီးပွားရေးသည် ယခုနှစ်တွင် အနည်းဆုံး (၆) ရာခိုင်နှုန်းဖြင့်ကျဆင်းနိုင်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါ (Covid-19) ဒုတိယတစ်ကြိမ်ဖြစ်ပွားခဲ့လျှင်ဖြစ်စေ၊ မဖြစ်ပွားလျှင်ဖြစ်စေ ယင်း၏အကျိုးဆက်များ အနေဖြင့် ဆိုးရွားမှုရှိပြီး၊ ကာလကြာရှည်မည်ဖြစ်သည်ဟု OECD က ယင်း၏ စီးပွားရေးသုံးသပ်ချက်တွင် သတိပေးထား ကြောင်း၊ Covid-19 ကပ်ရောဂါဒုတိယလှိုင်းအနေဖြင့် ဖြစ်ပွားမှုမရှိခဲ့ပါက ကမ္ဘာ့စီးပွားရေးသည် ၂၀၂၀ ပြည့်နှစ်တွင် (၆) ရာခိုင်နှုန်းကျဆင်းနိုင်ပြီး၊ ၂၀၁၉ ခုနှစ်တွင် (၅.၄) ရာခိုင်နှုန်းရှိခဲ့သည့် OECD ၏ အလုပ်လက်မဲ့နှုန်းမှာ (၉.၂) ရာခိုင်နှုန်းသို့ မြင့်တက်လာမည်ဖြစ်ကြောင်း သိရှိရပါသည်။

Covid-19 ကပ်ရောဂါ ဒုတိယလှိုင်းဖြစ်ပွားခဲ့ပါက ကမ္ဘာ့စီးပွားရေးတွင် (၇.၆) ရာခိုင်နှုန်းဖြင့် ကျဆင်းနိုင်ပြီး၊ ၂၀၂၁ ခုနှစ်တွင် (၂.၈) ရာခိုင်နှုန်းပြန်လည်တိုးတက်နိုင်ကြောင်း OECD က ခန့်မှန်း ထားပါသည်။ အဆိုပါအခြေအနေတွင် OECD ၏ အလုပ်လက်မဲ့နှုန်းမှာ ၂၀၁၉ ခုနှစ် နှုန်းထား၏ (၂) ဆနီးပါးဖြစ်သည့် (၁၀) ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်ကြောင်းနှင့် ၂၀၂၁ ခုနှစ်တွင် အလုပ်အကိုင် ကဏ္ဍ၌ အနည်းငယ်ပြန်လည်ကောင်းမွန်လာဖွယ်ရှိကြောင်း သိရှိရပါသည်။

သက်ဆိုင်ရာနိုင်ငံအစိုးရများ၏ ကန့်သတ်ပိတ်သိမ်းမှုအစီအမံများကြောင့် ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှု နှေးကွေးစေရန်နှင့် ကပ်ရောဂါကြောင့် သေဆုံးမှုလျှော့ချနိုင်ရေးတို့တွင် အောင်မြင်မှုရရှိကြသော်လည်း လုပ်ငန်းကဏ္ဍများစွာ၌ စီးပွားရေးလုပ်ငန်းရပ်များအား ရပ်တန့်သွားစေပြီး၊ မညီမျှမှု (Inequality) ကို ပိုမိုကျယ်ပြန့်လာစေခြင်း၊ ပညာရေးနှောင့်နှေးခြင်းနှင့် အနာဂတ်စီးပွားရေးအပေါ် ယုံကြည်မှုလျော့ကျစေခြင်းတို့ကိုဖြစ်စေခဲ့ကြောင်း၊ ကန့်သတ်ထိန်းချုပ်မှုအစီအမံများ အနည်းငယ်ပျော့ပြောင်းသည့်နိုင်ငံများ၌ပင် ရရှိထားသည့်စာရင်းဇယားများအရ ကပ်ရောဂါကြောင့် စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ ကုန်ကျမှုကြီးမားကြောင်း၊ အစိုးရအသုံးစရိတ်များအနေဖြင့် ထိခိုက်မှုအရှိဆုံးကဏ္ဍများအား ကောင်းစွာထောက်ပံ့ပေးသင့်ပြီး၊ ရေရှည်တည်တံ့သည့် စီးပွားရေးပြန်လည်နိုးထမှုအတွက် လိုအပ်သောရင်းနှီးမြှုပ်နှံမှုများကို ပံ့ပိုးပေးသင့်သည်ဟု OECD က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**Source: ဘရပ်ဆဲလ်တိုင်းမ်**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## အကောက်ခွန်နှင့်အကောက်ခွန်မဟုတ်သောအစီအမံများအား အိန္ဒိယအစိုးရက တိုးမြှင့်ချမှတ်ဆောင်ရွက်ရန် စီစဉ်လျက်ရှိခြင်း

အိန္ဒိယနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် နယ်စပ်ပြဿနာများ ဖြစ်ပေါ်ဖြေရှင်းနေရချိန်၌ တရုတ်နိုင်ငံမှထုတ်လုပ်တင်သွင်းသည့် ကုန်စည်များအပေါ် အဓိကဦးတည်လျက် အကောက်ခွန်နှင့်အကောက်ခွန်မဟုတ်သော အစီအမံများအား တိုးမြှင့်ချမှတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းဌာနများက ရေးသားဖော်ပြချက်အရသိရှိရသည်။

အိန္ဒိယအစိုးရသည် တရုတ်နိုင်ငံမှတင်သွင်းသည့် ကုန်ပစ္စည်းအမယ်ပေါင်း ၃၀၀ ခန့်အပေါ် အခွန်တိုးမြှင့် ကောက်ခံရန်နှင့် ကုန်သွယ်မှုအဟန့်အတားများ တိုးမြှင့်ချမှတ်ရန်စီစဉ်လျက်ရှိသည်ဟု ဌာနဆိုင်ရာအရာရှိ အချို့ကပြောဆိုကြောင်း၊ ၎င်းတို့အနက် ကုန်စည်အမယ်ပေါင်း ၁၆၀ မှ ၂၀၀ ခန့်မှာ သွင်းကုန်အခွန်တိုးမြှင့်မည်ဖြစ်ပြီး ကောက်ခံမည့်စနစ်အား ရှေ့လာမည့် ၃ လ အတွင်း တဖြည်းဖြည်းချင်း ဖော်ဆောင်သွားဖွယ်ရှိကြောင်း၊ ကုန်စည် ၁၀၀ ခန့်အပေါ် သွင်းကုန်လိုင်စင်ဆိုင်ရာ သို့မဟုတ် အရည်အသွေးပိုင်းဆိုင်ရာ လိုအပ်ချက်များအား ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ပြည်တွင်းရှိ အိန္ဒိယကုန်ထုတ်လုပ်ငန်းရှင်များ၏ ယှဉ်ပြိုင်လုပ်ကိုင်နိုင်မှုကို ထိခိုက်စေလျက်ရှိသော တန်ဖိုးအားဖြင့် ဒေါ်လာ ၈ - ၁၀ ဘီလီယံခန့်ရှိသည့် အရည်အသွေးနိမ့်ကျသော ကုန်ပစ္စည်းများတင်သွင်းမှုကို တားဆီးနိုင်မည်ဖြစ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်မှုမှာ မည်သည့်နိုင်ငံကိုမျှ ရည်ရွယ်မထားသော်လည်း နှစ်နိုင်ငံကုန်သွယ်ရာ၌ မျှခြေအခြေအနေမရှိပဲ တစ်ဖက်သတ် ကုန်သွယ်မှု အသာစီးရလျက်ရှိသည့် တရုတ်နိုင်ငံကဲ့သို့သော ကုန်သွယ်ဘက်နိုင်ငံများအပေါ် သက်ရောက်မည်ဖြစ်သည်ဟု အိန္ဒိယအစိုးရ အရာရှိတစ်ဦးကပြောကြားကြောင်းစသည်ဖြင့် ရိုက်တာသတင်းဌာနကဖော်ပြပါသည်။

အိန္ဒိယနိုင်ငံအခြေစိုက် Business Standard သတင်းဌာနက ရေးသားဖော်ပြရာတွင် အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် တရုတ်နိုင်ငံမှ ကုန်စည်များတင်သွင်းမှုကို လျှော့ချနိုင်မည့် အစီအမံများအား လျင်မြန်စွာနည်းလမ်းရှာဖွေ လျက် ဝန်ကြီးချုပ်ရုံးသို့ မကြာမီကာလအတွင်း တင်ပြနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းဝန်ကြီးဌာနထံမှ စုံစမ်းရရှိမှုအရ အစိုးရအနေဖြင့် တန်ဖိုးအားဖြင့် ဒေါ်လာ ၁၂၇ ဘီလီယံရှိသော သွင်းကုန်အမယ် ၃၇၁ ခု အပေါ် ထုတ်ကုန် စံချိန်စံညွှန်းသတ်မှတ်ချက်ချမှတ်ခြင်းဖြင့် ပိုမိုတင်းကျပ်စွာကန့်သတ်မည်ဖြစ်ကြောင်း၊ တစ်ဖက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှု အပေါ် ထိခိုက်နိုင်သည့်အတွက် ၎င်းတို့အနေဖြင့် တရုတ်နိုင်ငံမှထုတ်လုပ်သည့် ကုန်ပစ္စည်းများအပေါ် သွင်းကုန်အခွန် တိုးမြှင့် ကောက်ခံရန် စိတ်အားထက်သန်မှုမရှိဟု အဆိုပါဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးကပြောဆိုကြောင်း၊ လက်ရှိကာလ၌ အိန္ဒိယရှိလုပ်ငန်းကဏ္ဍများစွာတွင် ငွေဖြစ်လွယ်မှုရှိရေးသည် အရေးကြီးသည့်ကိစ္စတစ်ရပ်အဖြစ်ဖြစ်ပေါ်လျက်ရှိရာ အခွန်တိုးမြှင့် ကောက်ခံခြင်းက သွင်းကုန်လုပ်ငန်းရှင်များအတွက် အခက်အခဲဖြစ်စေမည်ကို စဉ်းစားရန်ရှိသည့်အပြင် ၎င်းလုပ်ငန်းရှင်များ အနေဖြင့် အခြား မည်သည့်နိုင်ငံများထံမှ အလားတူကုန်ကြမ်းများရရှိနိုင်မည်ဆိုသည်ကိုလည်း လေ့လာသုတေသနပြုလုပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့ရာတွင် အရေးပေါ်ကိစ္စရပ်များ၌ တရုတ်နိုင်ငံမှထုတ်လုပ်တင်သွင်းသည့် အဓိကကုန်စည် အမျိုး အမည်ပေါင်း ၁၀၀ ခန့်အား အခွန်တိုးမြှင့်ကောက်ခံရန် အိန္ဒိယအစိုးရအနေဖြင့် စီစဉ်ထားရှိကြောင်းသိရှိရသည်။

အိန္ဒိယအစိုးရက ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးစံချိန်စံညွှန်းများသတ်မှတ်လျက် နည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြင့် တရုတ်နိုင်ငံမှတင်သွင်းသည့် သွင်းကုန်အမယ် ၃၇၁ မျိုးတွင် ဓါတုပစ္စည်းများ၊ စတီးထုတ်ကုန်များ၊ လူသုံးအီလက်ထရွန်းနစ်ကုန်စည်များ၊ အကြီးစားစက်ကိရိယာများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက္ကူ၊ ရာဘာ၊ ဖန်ထည်ပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံး စက်ကိရိယာများ၊ သတ္တုပစ္စည်းများ၊ ပရိဘောဂ၊ ဆေးဝါး၊ ဓါတ်မြေဩဇာနှင့် အထည်အလိပ်ကုန်ပစ္စည်းများစသည်တို့ပါဝင်ကြောင်း သိရှိရပါသည်။

အထက်ပါ စီမံဆောင်ရွက်မှုများအပြင် အိန္ဒိယအစိုးရသည် စုပုံတင်ပို့ရောင်းချမှုများနှင့်စပ်လျဉ်း၍ တိုင်ကြားသည့် ကိစ္စရပ်များအပေါ် စုံစမ်းစစ်ဆေးခြင်းအား အချိန်တိုအတွင်းပြီးစီးရန် စီမံဆောင်ရွက်မည်ဖြစ်ကြောင်း Economic Times သတင်းဌာနက ရေးသားဖော်ပြပါသည်။ လက်ရှိကာလ၌ အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနရှိ ကုန်သွယ်မှု ကုစားရေးဦးစီးဌာန (DGTR) သည် ပြည်တွင်းရှိလုပ်ငန်းရှင်များမှတိုင်ကြားလာသည့် ကုန်သွယ်မှုဆိုင်ရာအမှုကိစ္စများအား ရက်ပေါင်း ၃၀ အတွင်း အပြီးသတ်စုံစမ်းစစ်ဆေးလျက် ပြည်တွင်းလုပ်ငန်းများ အကာအကွယ်ပေးရေး အခွန် (Safeguard duty) နှင့် သွင်းကုန်အပေါ်တန်ပြန်အခွန် (Anti-dumping duty) များချမှတ်နိုင်ရန် ထောက်ခံတင်ပြချက်နှင့်အတူ တွေ့ရှိချက်

အစီရင်ခံစာအားဝန်ကြီးဌာနသို့တင်ပြဆောင်ရွက်လျက်ရှိသည်။ DGTR က စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်သည့် အမှုကိစ္စအများစုမှာ တရုတ်နိုင်ငံမှ တင်သွင်းသည့်ကုန်စည်များအပေါ် တိုင်ကြားခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တရုတ်နိုင်ငံမှ ထုတ်လုပ်တင်သွင်းသည့် ကုန်စည် ၉၂ မျိုးအပေါ် တန်ပြန်အကောက်ခွန်များ ချမှတ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိကာလတွင် တရုတ်နိုင်ငံမှ ကုန်စည်များအား လျှော့ဈေးဖြင့် စုပုံတင်သွင်းကြောင်း တိုင်ကြားထားရှိသည့် အမှု ၃၅ ခုကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ၎င်းအမှုများမှာ ဓါတုပစ္စည်းများ၊ စတီးလ်၊ ကြေးနီနှင့်အထည်အလိပ်ထုတ်ကုန်များတင်သွင်းမှုနှင့် သက်ဆိုင်သည့်ကိစ္စများဖြစ်ကြောင်းသိရှိရသည်။

အိန္ဒိယနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတွင် အဓိကကုန်သွယ်ဖက်နိုင်ငံများအနက် တရုတ်နိုင်ငံနှင့်ကုန်သွယ်မှုမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တန်ဖိုးအားဖြင့် ဒေါ်လာ ၈၇.၀၆ ဘီလီယံရှိပြီး ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၁၆.၇၅ ဘီလီယံ မျှသာရှိသဖြင့် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၅၃.၅၆ ဘီလီယံ ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ ဧပြီလမှဖေဖော်ဝါရီလအထိ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၆၂.၃၇ ဘီလီယံရှိပြီး ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၄၆.၈၃ ဘီလီယံ ဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရှိရသည်။

အိန္ဒိယအစိုးရအနေဖြင့် တရုတ်နိုင်ငံနှင့်ကုန်သွယ်ရာ၌ အစဉ်တစိုက်ကုန်သွယ်မှုလိုငွေ ကြီးမားစွာဖြစ်ပေါ်နေမှုအား လျှော့ချရန်ကြိုးစားလျက်ရှိသော်လည်း ပြည်တွင်းရှိ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ လျှပ်စစ်နှင့်အီလက်ထရွန်းနစ်ကိရိယာ ထုတ်လုပ်မှုများ၊ ဓါတုပစ္စည်းထုတ်လုပ်မှုများ၊ ဆေးဝါးထုတ်လုပ်မှုများစသည်တို့မှာ တရုတ်နိုင်ငံမှတင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများအပေါ် အဓိကမှီခိုနေရပြီး နိုင်ငံ၏သွင်းကုန်တန်ဖိုးစုစုပေါင်းတွင် တရုတ်နိုင်ငံမှတင်သွင်းသည့် ကုန်စည်များက ၁၄% ခန့်အထိပါဝင်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

Source:
1. Govt likely to fast-track import restrictions on 371 Chinese goods, 18 Jun 2020, Business Standard
2. Government working on steps to cut import dependence on China, boost manufacturing, 18 Jun 2020, Economic Times
3. India plans extra tariffs, trade barriers on 300 imported products, 19 Jun 2020, Economic Times
4. Faster initiation of anti-dumping probes on China imports soon, 19 Jun 2020, Economic Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## STOCK EXCHANGE (23.6.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 23rd Jun. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 10,500 | 11,000 | 10,500 | 38 | 410,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,900 | +50 | +1.30% | 3,850 | 3,900 | 3,800 | 16,579 | 63,878,950 | 38,929,150 | 151,824 |
| MCB | 00003 | 8,300 | +200 | +2.47% | 8,300 | 8,300 | 8,300 | 1 | 8,300 | 10,400,986 | 86,328 |
| FPB | 00004 | 22,500 | -500 | -2.17% | 22,500 | 22,500 | 22,500 | 1,915 | 43,087,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,800 | 2,800 | 2,800 | 45 | 126,000 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 262 | 707,400 | 19,977,223 | 53,939 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 458.25 | +2.31 | +0.51% | 448.66 | 458.25 | 447.35 | 18,840 | 108,218,150 | 6 | 681,857 |

**Index chart**




# Market Overview

As of 1:00 pm, 23rd Jun. 2020

| MYANPIX | 458.25 ▲ 2.31 |
|---|---|
| Total Volume (shares) | 18,840 |
| Total Value (MMK) | 108 mil |
| Listed Company | 6 |
| Market Cap. (MMK) | 681,857 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,900 | ▲ 50 |
| MCB | 00003 | 8,300 | ▲ 200 |
| FPB | 00004 | 22,500 | ▼ 500 |
| TMH | 00005 | 2,800 | ▲ 50 |
| EFR | 00006 | 2,700 | ▲ 0 |